# ပထမအကြိမ် ချင်းအမျိုးသားညီလာခံနှင့်ပါတ်သက်၍
# ထုတ်ပြန်ရှင်းလင်းချက်

၁။ ၁၉၈၈ ခုနှစ်မှစ၍ ချင်းခေါင်းဆောင်များက ထူထောင်ခဲ့ကြသော ချင်းအမျိုးသား နိုင်ငံရေးပါတီ (၄)ဖွဲ့နှင့် လူထုအလွှာပေါင်းစုံမှခေါင်းဆောင်များပါဝင်၍ ၂၀၀၆ခုနှစ်၊ မေလ (၈) မှ (၁၁)အထိ ကျင်းပသော ပထမအကြိမ် ချင်းအမျိုးသားညီလာခံကြီးက "ချင်းအမျိုးသားကောင်စီ"ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းကြောင်း အများပြည်သူထံသို့ ထုတ်ပြန်ကြေညာရာတွင်ဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် အပြုသဘော ဆောင်သောတိုက်တွန်းချက်များစသဖြင့်မျိုးချစ်ပုဂ္ဂိုလ်များထံမှအများအပြားလက်ခံရရှိပါသည်။၎င်းကဲ့သို့သောအမျိုးသားလှုပ်ရှားမှုကိုအားပေးထောက်ခံသူနှင့်တိုက်တွန်းသူအားလုံးအပေါ် အထူးကျေဇူးတင်ရှိကြောင်း ဦးစွာဖော်ပြလိုပါသည်။

၂။ ချင်းအမျိုးသားကောင်စီကို (၃)နှစ်သက်တမ်းဖြင့် ပုံမှန်ညီလာခံကျင်းပရန်ဖြစ်ပြီး နိုင်ငံရေးပါတီများနှင့်လူထုအလွှာပေါင်းစုံမှ ကိုယ်စားလှယ် (၂၆) ဦးပါဝင်သောကောင်စီအဖွဲ့ဝင်များကညီလာခံမှချမှတ်သောနိုင်ငံရေးရည်မှန်းချက်များအတိုင်းဆက်လက်အကောင်အထည်ဖော်ရန်ဖြစ်သည်။ သဘာပတိအဖွဲ့ (၄) ဦး၊ အတွင်းရေးမှူးအဖွဲ့(၄)ဦးနှင့် ကောင်စီအဖွဲ့ဝင် (၁၈)ဦးဖြင့် လုပ်ငန်းကော်မတီ (၆) ခု ဖွဲ့စည်းကာ လုပ်ငန်းတာဝန်ခွဲဝေ၍ လုပ်ကိုင်ဆောင်ရွက်သွားဖြစ်သည်။

၃။ ၂၀၀၄ ခုနှစ်၊ ဧပြီလ(၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ ကျင်းပခဲ့သော **Chin Consensus Building Seminar** တွင် ချင်းအမျိုးသားနိုင်ငံရေးပါတီများဖြစ်သော မရာပြည်သူ့ပါတီ (လွတ်မြောက်နယ်မြေ)၊ ဇိုမီးအမျိုးသားကွန်ဂရက်(လွတ်မြောက်နယ်မြေ)၊ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ)မှ ကိုယ်စားလှယ်များအပြင် **NLD/LA** မှ ချင်းအမျိုးသားကိုယ်စားလှယ်များနှင့် လူထုအခြေပြုအဖွဲ့အစည်းများ(၁၉)ဖွဲ့၊ ပြည်တွင်းပြည်ပမှ ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊ စုစုပေါင်း ကိုယ်စားလှယ်(၉၅)ဦး တက်ရောက်ပြီး သမိုင်းဝင်ဝိတိုရိယသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုချင်းအမျိုးသားများနီးနှောဖလှယ်ပွဲမှ ချမှတ်သောနိုင်ငံရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည် ဖော်ရန် ချင်းနိုင်ငံရေးပါတီများကိုအခြေခံ၍ "Political Affairs Committee of Chinland "ကိုတညီတညွတ်တည်း ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ချင်းအမျိုးသားညီလာခံကို နှစ်နှစ်တစ်ကြိမ်ပုံမှန်ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

၄။ ထိုဆုံးဖြတ်ချက်အရ ပထမအကြိမ်ချင်းအမျိုးသားညီလာခံကို ဆိုင်းနိုင်းတောင်စခန်း (Camp Mt. Sinai) ၌ကျင်းပရာတွင် အောက်ပါနိုင်ငံရေးရည်မှန်းချက်များပါဝင်သော ဝိတိုရိယသဘောတူညီချက်ကို ထပ်လောင်းအတည်ပြုကြသည်။

- စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊
- အမျိုးသားလွတ်မြောက်ရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ပြန်လည်ရရှိရေး၊
- စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
- ချင်းအမျိုးသားများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး၊
- ချင်းအမျိုးသားအားလုံးသွေးစည်းညီညွတ်ရေး –တို့ကိုချမှတ်ခဲ့သည်။

တဖန် PACC ကို "Committee" အဆင့်မှ "Council" အဆင့်သို့တိုးမြင့်ဖွဲ့စည်းခြင်းဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များ ပိုမိုဆထက်ထမ်းပိုးဆောင်ရွက်နိုင်ရေးအတွက် ချင်းအမျိုးသားညီလာခံသည် လုပ်ပိုင်ခွင့် (Mandate)ရှိသော ချင်းနိုင်ငံရေးပါတီ(၄)ဖွဲ့ကို မဏ္ဍိုင်ပြု၍ လွှတ်တော်အမတ်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်နှင့်ကျောင်းသားအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တတ်သိပညာရှင်များ စုပေါင်းပါဝင်သည့် 'ချင်းအမျိုးသားကောင်စီ (Chin National Council)' ကို တညီတညွတ်တည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

၅။ပိုမိုကျယ်ပြန့်သော သွေးစည်းညီညွတ်ရေး ဖော်ဆောင်ရန်ဦးတည်သည့် အဖွဲ့အစည်းအမည်နာမသစ်အမျိုးမျိုးကိုညီလာခံတွင်တင်ပြခဲ့ကြပါသည်။ ထိုအမည်နာမများအနက် "ချင်းအမျိုးသားကောင်စီ" ဟူသောအမည်ကို ညီလာခံကိုယ်စားလှယ်အများစုဆန္ဒအရ ညီလာခံမှ ရွေးချယ်သတ်မှတ်ခြင်းဖြစ်သည်။ ဤကောင်စီသည် လူတစုတဖွဲ့အတွက်သော်၄င်း၊ ပြည်နယ်တပြည်နယ်အတွက်သော်၄င်း လုပ်ဆောင်မည့်အဖွဲ့အစည်း မဟုတ်ကြောင်း လွယ်ကူစွာ သဘောပေါက်နိုင်ကြမည်ဟုထင်မြင်ယူဆသည်။ သို့သော် ချင်းလူမျိုးမဟုတ်သော ရန်သူ နအဖစစ်အုပ်စုနှင့် အပေါင်းအပါတို့ကမူ အဖျက်သဘော ရှုတ်ချပြောဆိုနေကြကြောင်း ပြည်တွင်းသတင်းများအရ သိရှိရပါသည်။ ကောင်စီအနေဖြင့် ချင်းအမျိုးသားရေးအပြင် တိုင်းရင်းသား လူမျိုးများကောင်စီ ခိုင်မာစွာ ရပ်တည်နိုင်ရေးနှင့် တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် စစ်အုပ်စုများ ပါဝင်သော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် မြန်မာ့နိုင်ငံရေးအကြပ်အတည်းမှ လွတ်မြောက်ရေးအပါအဝင် ပြည်ထောင်စုအတိုင်းအတာဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးပြဿနာများကို စုပေါင်းရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဖြစ်သည်။

၆။ပထမအကြိမ်ချင်းအမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက်ပါတီစုံ၊ လူထုအဖွဲ့အစည်းပေါင်းစုံနှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များအားလုံးပါဝင်နိုင်ရေးရည်ရွယ်ပြီးဖိတ်ခေါ်ခဲ့ပါသည်။လူပုဂ္ဂိုလ်အသီးသီးသို့တိုက်ရိုက်အားဖြင့်သော်၄င်း၊ Internet များမှသော်၄င်း၊ သတင်းဌာနများမှသော်၄င်း၊ တက်ရောက်နိုင်မည့်အခြေအနေရှိသူအားလုံးကိုဖိတ်ခေါ်ခဲ့ပါသည်။ ကိုယ်စားလှယ် (၁၀၉) ဦး တက်ရောက်ပြီး ညီလာခံကို အောင်မြင်စွာကျင်းပခဲ့ခြင်းဖြစ်သည်။ အဖိနှိပ်ခံဘဝမှလွတ်မြောက်နိုင်ရေးအတွက် ချင်းလူမျိုးများ၏ ရှည်လျားလှသော သမိုင်းကြောင်းတွင်မကြုံစဖူး မှတ်ကျောက်တင်ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားညီလာခံသည် နိုင်ငံရေးအရ အဓိပ္ပါယ်အထူးပြည့်စုံသည်ဟုဆိုနိုင်ပေသည်။သို့သော် နောက်နောင်တွင်ဒီထက်မက အဓိပ္ပါယ်ပိုမိုပြည့်ဝပြီးထူးကဲလေးနက်သော နိုင်ငံရေးအနှစ်သာရ ပိုမိုရရှိလာအောင် ကြိုးစားဖေါ်ဆောင်သွားမည် ဖြစ်ကြောင်းထုတ်ပြန်လိုက်ရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားကောင်စီ

၂၀၀၆ ခုနှစ်၊ မေလ (၂၀) ရက်။